# Barcode Co-Creation Service

GS1 Activate Training ကို တက်ရောက်ပြီးနောက် အချို့သော အသင်းဝင်များအနေဖြင့် စနစ်အတွင်း Product Information များ ထည့်သွင်းခြင်းနှင့် Barcode Number (GTIN) များ ထုတ်ယူခြင်းလုပ်ငန်းစဉ်များကို ကိုယ်တိုင်ဆောင်ရွက်ရာတွင် အခက်အခဲများ ကြုံတွေ့နိုင်ပါသည်။ ထိုအခက်အခဲများကို ဖြေရှင်းပေးရန်နှင့် အဖွဲ့ဝင်များအနေဖြင့် GS1 Activate စနစ်ကို မှန်ကန်စွာ အသုံးပြုနိုင်စေရန် GS1 Myanmar မှ **Barcode Co-Creation Service** ကို ပံ့ပိုးပေးခြင်းဖြစ်သည်။ ဤဝန်ဆောင်မှုတွင် အသင်းဝင်များသည် GS1 Myanmar ရုံးသို့ လာရောက်၍ဖြစ်စေ၊ Online မှဖြစ်စေ မိမိတို့၏ GS1 Activate Account ကို အသုံးပြုကာ GS1 Myanmar ဝန်ထမ်းများ၏ လမ်းညွှန်မှု အကူအညီဖြင့် Barcode Number (GTIN) များကို အတူတကွ ထုတ်ယူနိုင်ပါသည်။

ဤဝန်ဆောင်မှု၏ ရည်ရွယ်ချက်မှာ အသင်းဝင်များအား Barcode ထုတ်ယူခြင်းလုပ်ငန်းစဉ်ကို မှန်ကန်စွာ နားလည် အသုံးပြုနိုင်စေရန် ကူညီပေးခြင်းနှင့် အနာဂတ်တွင် GS1 Activate စနစ်ကို ကိုယ်တိုင်ယုံကြည်စွာ အသုံးပြုနိုင်စေရန် ဖြစ်ပါသည်။

### ပါဝင်သောဝန်ဆောင်မှု

GS1 Activate System တွင် အသင်းဝင်မှ တင်ပြသော ကုန်ပစ္စည်းအချက်အလက်များ အပေါ်အခြေခံ၍ Barcode Number (GTIN) နံပါတ်ထုတ်ခြင်း နှင့် Barcode Image ထုတ်ခြင်းအား ကူညီပြသပေးခြင်း။

### လိုအပ်ချက်များ

Barcode Co-Creation Service အား အသင်းရုံးသို့ လာရောက်ဆောင်ရွက်လိုသော အသင်းဝင်များအနေဖြင့် အောက်ပါ အချက်များကို ပြင်ဆင်ယူဆောင် လာရန် လိုအပ်ပါသည်။

- Barcode Number (GTIN) ထုတ်ယူရန် လိုအပ်သော Product Information များကို ပြည့်စုံမှန်ကန်စွာ ပေးအပ်ရမည်။ (ဥပမာ - Brand Name, Functional Name, Product Description, Product Image နှင့် အခြားသက်ဆိုင်သော အချက်အလက်များ)
- GS1 Activate စနစ်ကို အသုံးပြုဆောင်ရွက်ရန် မိမိတို့၏ Laptop ကို ယူဆောင်လာရမည်။
- GS1 Activate Account သို့ ဝင်ရောက်အသုံးပြုနိုင်ရန် Login Information များ အသင့်ရှိရမည်။

### ဝန်ဆောင်ခနှုန်းထား

Barcode Number (GTIN) တခုလျှင် ၁၀,၀၀၀ ကျပ် နှင့် ကုန်သွယ်လုပ်ငန်းခွန် ၅%
(GS1 Myanmar ဝန်ထမ်း၏ ကူညီမှုဖြင့် အတူတကွ ဆောင်ရွက်ရပါမည်)

### ကျသင့်ငွေပေးဆောင်ခြင်း

- ဝန်ဆောင်မှုမစတင်မီ ဝန်ဆောင်ခကို အသင်းသို့ အပြည့်အဝ ပေးသွင်းရမည်။
- ဝန်ဆောင်ခပေးသွင်းပြီးနောက် ဝန်ဆောင်မှုကို မရယူဖြစ်ပါက သို့မဟုတ် ရပ်ဆိုင်းလိုပါက ပေးသွင်းထားသော ဝန်ဆောင်ခအား ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။

- ပေးသွင်းထားသော ဝန်ဆောင်ခနှင့် သက်ဆိုင်သည့် Barcode Number အရေအတွက်ထက် ကျော်လွန်၍ ထပ်မံထုတ်ယူလိုပါက ထပ်မံလိုအပ်သော Barcode Number အတွက် သတ်မှတ်ထားသော ဝန်ဆောင်ခအား ပေးသွင်းရမည်။

**GS1 Myanmar ၏ တာဝန်ကန့်သတ်ချက်**

- အသင်းဝင်များမှ တင်ပြသည့် ကုန်ပစ္စည်းအချက်အလက်များ မှားယွင်းသောကြောင့် GS1 Activate သို့ထည့်သွင်းပြီးသော အချက်အလက်များ လွဲမှားခြင်းသည် GS1 Myanmar ၌တာဝန်မရှိပါ။
- မှားယွင်းသော (သို့မဟုတ်) မပြည့်စုံသော ကုန်ပစ္စည်းအချက်အလက်များ တင်သွင်းမှုများကြောင့် ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှု၊ ထိခိုက်မှု၊ နှောင့်နှေးမှုများအတွက် GS1 Myanmar တွင်တာဝန်မရှိပါ။
- GS1 Myanmar မှပေးသည့် ဝန်ဆောင်မှုအတွက် တာဝန်ယူမှုမှာ သတ်မှတ်ထားသည့် ကုန်စ္စည်း အချက်အလက်များအား GS1 Activate System သို့ထည့်သွင်းပြီး၊ ကုန်ပစ္စည်းများအတွက် GTINs နံပါတ်များ ရရှိပြီးသည်နှင့် ပြီးဆုံးပြီဖြစ်သည်။

## Barcode Co-Creation Service

After completing GS1 Activate Training, some members may still experience difficulties in independently using the GS1 Activate system to enter product information and generate Barcode Numbers (GTINs). To support members in overcoming these challenges and to help them correctly use the GS1 Activate system, GS1 Myanmar provides the Barcode Co-Creation Service.

Through this service, members can visit the GS1 Myanmar office and use their own GS1 Activate account while working together with GS1 Myanmar staff. Our staff will provide step-by-step guidance and assistance throughout the process of entering product information and generating Barcode Numbers (GTINs).

The purpose of this service is to help members correctly understand the barcode generation process and gain confidence in using the GS1 Activate system independently in the future.

**Service Scope**

Working together with members to generate Barcode Numbers (GTINs) and Barcode Images through the GS1 Activate System using the product information provided by the members.

**Requirements**

Members who wish to use the Barcode Co-Creation Service are required to:

- Provide complete and accurate product information required for GTIN generation, including product name, brand name, product description, product image and other relevant information.
- Bring their own laptop for accessing and using their GS1 Activate account during the service session.
- Ensure that they have access to their GS1 Activate account and necessary login credentials.

**Service Fee:**
MMK 10,000 per Barcode Number (GTIN) and Commercial Tax 5%
*(Generated with guidance and assistance from GS1 Myanmar staff)*

**Payment Terms**

- The service fee must be fully paid to GS1 Myanmar before the service commencement.
- If the service is not utilized or the member wishes to discontinue the service after payment has been made, the paid service fee will not be refundable.

- If members wish to generate additional Barcode Numbers beyond the quantity covered by the paid service fee, an additional service fee shall be paid for the extra Barcode Numbers required.

**Limitation of Liability of GS1 Myanmar**

- GS1 Myanmar shall not be responsible for any errors in the information entered into the GS1 Activate System resulting from inaccurate product information provided by members.
- GS1 Myanmar shall not be liable for any loss, damage, or delay arising from the submission of incorrect or incomplete product information by members.
- GS1 Myanmar's responsibility under this service is limited to assisting members in entering the provided product information into the GS1 Activate System and supporting the generation of GTINs for the respective products. The service shall be considered completed once the product information has been entered and the GTINs have been successfully generated.